International Labour Organization

# ပြည်တွင်း ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာစီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေး (DIILM) စီမံကိန်း ဖေဖော်ဝါရီလ ၂၀၁၆ ခုနှစ်မှ ဇွန်လ ၂၀၂၁ ခုနှစ်အထိ

## ကိုဗစ်နိုင်တင်း ကမ္ဘာ့ကပ်ရောဂါကာလအတွင်း DIILM စီမံကိန်းအနေဖြင့် ရွှေ့ပြောင်းသွားလာသူများ၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းဆောင်ရွက်ပေးမှုများ

၂၀၂၀ ခုနှစ်၊ မတ်လတွင် မြန်မာနိုင်ငံသား ရွှေ့ပြောင်းသွားလာသူ ထောင်ပေါင်းများစွာသည် ကိုဗစ်နိုင်တင်း ကမ္ဘာ့ကပ်ရောဂါကာလအတွင်း မိမိတို့နေရပ်ရှိ မိသားစုများထံပြန်ချင်၍လည်းကောင်း၊ ယာယီအလုပ်လက်မဲ့ဖြစ်သွားခြင်းကြောင့်လည်းကောင်း ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံမှနေ၍ နယ်စပ်ဂိတ်များသို့ စုပြုံတိုးဝှေ့ရောက်လာကြသည်။ ILO (အိုင်အယ်လ်အို) သည် DIILM (ဒင်းလ်မ်) စီမံကိန်းမိတ်ဖက် အဖွဲ့အစည်းများနှင့်အတူ နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများ၏ ဘေးကင်းလုံခြုံရေးနှင့် ကိုဗစ်နိုင်တင်း ရောဂါပိုးကူးစက်ပြန့်ပွားနေမှုကို ကာကွယ်ထိန်းချုပ်ရန်အတွက် လိုအပ်ချက်များကို ချက်ချင်းတိုးချဲ့ဆောင်ရွက်ပေးခဲ့ပါသည်။ နောက်ခြောက်လအကြာတွင် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံမှ ရွှေ့ပြောင်းလုပ်သား **၁၅၀,၀၀၀** ကျော် နေရပ်ပြန်လာသလို၊ မလေးရှား၊ ဂျော်ဒန်နှင့် အခြားနိုင်ငံများမှလည်း ရွှေ့ပြောင်းလုပ်သား သောင်းဂဏန်းကျော် နေရပ်ပြန်လည်ပို့ဆောင်ခံခဲ့ရသည်။ ILO အနေဖြင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူ/ လုပ်သားပေါင်း **၁၀၇,၀၀၀** အား ကိုဗစ်နိုင်တင်းကာကွယ်ရေးနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ (သို့မဟုတ်) အစားအစာများကို ပံ့ပိုးပေးခဲ့သည့်အပြင်၊ အသွားအလာကန့်သတ်ရေးစခန်းများ၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများအပါအဝင် နယ်စပ်ဒေသများတွင် နေရပ်ပြန် ရွှေ့ပြောင်းလုပ်သားများကို ဝန်ဆောင်မှု/ကူညီမှုများပေးနေသော အစိုးရဝန်ထမ်းများအတွက်လည်း တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်း (PPE) များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ပါသည်။

## ကိုဗစ်နိုင်တင်းကပ်ရောဂါအတွက် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်မှုများ

- ✓အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန(MOLIP)လက်အောက်ရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး **၇၈ ရုံး**နှင့် ကျွမ်းကျင်မှုသင်တန်းကျောင်း **၆ ကျောင်း**သို့ နှာခေါင်းစည်း **၄၀,၀၀၀**၊ လက်သန့်ဆေးရည်ဗူး **၁,၀၀၀**၊ မျက်နှာကာ **၁,၈၀၀** နှင့် သာမိုမီတာ/အပူချိန်တိုင်းကိရိယာ **၁၅၀** ကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။[1]
- ✓ကပ်ရောဂါအတွင်း ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်ပေးသူများနှင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူပေါင်း **၁၁၀,၈၁၀** ဦးအတွက် ကိုဗစ်နိုင်တင်း ကာကွယ်ရေးနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ (သို့မဟုတ်) အစားအစာများကို ပံ့ပိုးပေးခဲ့ပါသည်။
- ✓ကျန်းမာရေးစစ်ဆေးသည့်နေရာများနှင့် ကျေးရွာအုပ်စုကျန်းမာရေးဌာနများတွင် ကရင်တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းကို ပံ့ပိုးကူညီရန် ကရင်ပြည်နယ်အစိုးရသို့ လက်သန့်ဆေးရည်ဗူးပေါင်း **၆၀၀** ကူညီပံ့ပိုးပေးခဲ့သည်။

✓ Samaritan's Purse က မြဝတီမြို့နယ်ရှိ အမှတ် (၂) မြန်မာ-ထိုင်း နယ်စပ်ဂိတ်တွင် အရေးပေါ်ပစ္စည်းများကို ထောက်ပံ့ဖြည့်ဆည်းပေးနေပုံ။



✓ မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က တာချီလိတ်မြို့နယ်ရှိ အသွားအလာကန့်သတ်စခန်းတွင် အစားအစာနှင့် သောက်ရေသန့်များ ဖြည့်ဆည်းပေးနေပုံ။



[1] နေပြည်တော်ကော်စီ (LEO ၂ ရုံး)၊ ရန်ကုန်တိုင်းဒေသကြီး (၁၆)၊ မန္တလေးတိုင်းဒေသကြီး (၁၁)၊ ကချင်ပြည်နယ် (၃)၊ ကယားပြည်နယ် (၂)၊ ကရင်ပြည်နယ် (၃)၊ ချင်းပြည်နယ် (၂)၊ စစ်ကိုင်းတိုင်းဒေသကြီး (၈)၊ တနင်္သာရီတိုင်းဒေသကြီး (၁)၊ ပဲခူးတိုင်းဒေသကြီး (၅)၊ မကွေးတိုင်းဒေသကြီး (၇)၊ မွန်ပြည်နယ် (၄)၊ ရခိုင်ပြည်နယ် (၁)၊ ရှမ်းပြည်နယ် (၇)၊ ဧရာဝတီတိုင်းဒေသကြီး (၆) ရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံများနှင့်၊ ရန်ကုန်ရှိ မြောက်ဒဂုံနှင့် ရန်ကင်း၊ မန္တလေး၊ ဘားအံ၊ စက်စဲနှင့် ပုသိမ်ရှိ MOLIP ၏ ကျွမ်းကျင်မှုသင်တန်းကျောင်းများ၊

© International Labour Organization 2020

**DIILM စီမံကိန်းက ကိုဗစ်နိုင်တင်းကာကွယ်ရေးနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ၊ အစားအစာများကို ပံ့ပိုးဖြည့်ဆည်းပေးမှု (မတ်လ ၂၃ ရက်မှ စက်တင်ဘာလ ၇ ရက်အထိ)[2]**

| နေရာ | အကျိုးခံစားရသည့် အမျိုးသား အရေအတွက် | အကျိုးခံစားရသည့် အမျိုးသမီး အရေအတွက် | အကျိုးခံစားရသူ စုစုပေါင်း |
|---|---|---|---|
| ပဲခူး | ၁၂,၃၃၀ | ၉,၀၅၄ | ၂၁,၃၈၄ |
| ထီးခီး | ၂,၈၇၇ | ၂,၄၉၄ | ၅,၃၇၁ |
| ကော့သောင်း | ၉,၄၈၈ | ၇,၅၀၄ | ၁၆,၉၉၂ |
| မော်လမြိုင် | ၇၅၀ | ၇၅၀ | ၁,၅၀၀ |
| မြဝတီ | ၂၁,၂၂၅ | ၁၄,၀၉၄ | ၃၅,၃၁၉ |
| မြောက်ဒဂုံ | ၅ | ၅ | ၁၀ |
| ဘားအံ၊ သံတောင်ကြီး | ၁,၅၀၀ | ၁,၅၀၀ | ၃,၀၀၀ |
| ပခုက္ကူ | ၅၀၀ | ၅၀၀ | ၁,၀၀၀ |
| ဘုရားသုံးဆူ | ၄,၆၂၉ | ၃,၄၇၅ | ၈,၁၀၄ |
| စစ်ကိုင်း | ၁,၀၀၀ | ၁,၀၀၀ | ၂,၀၀၀ |
| ရှမ်း-ထိုင်းနယ်စပ် | ၃,၀၅၁ | ၃,၀၅၀ | ၆,၁၀၁ |
| တာချီလိတ် | ၄,၉၅၈ | ၄,၀၇၁ | ၉,၀၂၉ |
| သထုံ | ၅၀၀ | ၅၀၀ | ၁,၀၀၀ |
| **စုစုပေါင်း** | **၆၂,၈၁၃** | **၄၇,၉၉၇** | **၁၁၀,၈၁၀** |

**မိတ်ဖက်အဖွဲ့အစည်းများက နယ်မြေဒေသအလိုက် ထောက်ပံ့ဖြည့်ဆည်းပေးခြင်း**




## ကိုဗစ်နိုင်တင်းကပ်ရောဂါအတွက် ကာလလတ်/ကြားကာလ တုံ့ပြန်ဆောင်ရွက်မှုများ

DIILM စီမံကိန်းအနေဖြင့် အောက်ပါ အဖွဲ့အစည်းများကို ရန်ပုံငွေ ပံ့ပိုးကူညီပေးခဲ့သည်။

- ✓ ကိုဗစ်နိုင်တင်းကြောင့် စက်ရုံများမှ အလုပ်ပြုတ်ခဲ့သည့် အလုပ်သမား ၂၃ ဦးအတွက် နှာခေါင်းစည်းချုပ်လုပ်ခြင်းနှင့် လက်သန့်စင်ဆေးရည်ပြုလုပ်ခြင်း အလုပ်အကိုင် ဖြည့်ဆည်းထူထောင်ပေးနိုင်ရန် ရောင်ခြည်ဦးအလုပ်သမားအဖွဲ့ကို ပံ့ပိုးပေးခဲ့သည်။ ထိုဖန်တီးပေးခဲ့သည့် အလုပ်အကိုင်မှ ပစ္စည်း အရေအတွက် ၇,၄၀၀ ထုတ်လုပ်နိုင်ခဲ့ပြီး အများပြည်သူသို့ ဖြန့်ဝေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရများ၏ ကိုဗစ်နိုင်တင်းကော်မတီသို့ လှူဒါန်းပေးနိုင်ခဲ့သလို၊ နှာခေါင်းစည်း ၁၅,၀၀၀ ခန့်ကိုလည်း ရွှေပြည်သာစက်မှုဇုန်ရှိ စက်ရုံအလုပ်သမားများသို့ ဖြန့်ဝေပေးနိုင်ခဲ့သည်။
- ✓ ပြည်တွင်းရွှေ့ပြောင်းသွားလာသူဦးရေ ထောင်ပေါင်းများစွာ နေထိုင်လုပ်ကိုင်နေသည့် လှိုင်သာယာစက်မှုဇုန်အတွင်း ပိုးသတ်ဆေးဖြန်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် စေတနာ့ဝန်ထမ်း ၃၀ နှင့်လုပ်ကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ကို ပံ့ပိုးကူညီပေးခဲ့သည်။

## ရွှေ့ပြောင်းသွားလာသူများကို အရေးကြီးသော သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း

DIILM စီမံကိန်း၏ မိတ်ဖက်အဖွဲ့အစည်းများသည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်နိုင်တင်းကာလအတွင်း ရောဂါကာကွယ်တားဆီးခြင်း၊ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များအပါအဝင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံရှိ အစိုးရမူဝါဒဆိုင်ရာ နောက်ဆုံးသတင်းအချက်အလက်များကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။ မြန်မာနိုင်ငံရှိ မိတ်ဖက် အဖွဲ့အစည်းများက နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူ/လုပ်သားပေါင်း ၃၀,၀၀၀ ခန့်အား လက်ကမ်းကြော်ငြာများကို ဖြန့်ဝေသလို၊ MAP Radio (https://www.facebook.com/mapradiocmms/)က သတင်းအချက်အလက်များကို ၎င်း၏ ကြည့်ရှုသူပရိတ်သတ်(followers) ပေါင်း ၁၂,၀၀၀ သို့ ရှမ်းဘာသာ၊ မြန်မာဘာသာဖြင့် အွန်လိုင်းမှ ထုတ်လွှင့်ပေးခဲ့ပါသည်။

[2] ပုံနှိပ်ထုတ်ဝေသည့် တစ်ချိန်တည်းတွင် ဖြန့်ဝေပံ့ပိုးပေးနေပါသည်။

© International Labour Organization 2020

## အနာဂတ်ကာလ ဆောင်ရွက်မည့်လုပ်ငန်းများ

အောက်ပါ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စည်းရုံးလှုံ့ဆော်မှုပြုနိုင်ရန်အတွက် DIILM စီမံကိန်းအနေဖြင့် အခြေအနေ အရပ်ရပ်ကို အနီးကပ် စောင့်ကြည့်လေ့လာသုံးသပ်ရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

- မြန်မာနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံများတွင် လူမှုကာကွယ်စောင့်ရှောက်မှု ပံ့ပိုးမှုအစီအစဉ်များအတွင်း ရွှေ့ပြောင်းသွားလာသူများ အကျုံးဝင်၍ အကျိုးခံစားခွင့် ရရှိစေရန်။
- အသွားအလာထိန်းချုပ်ကန့်သတ်မှု၊ ဆေးစစ်ဆေးမှု ကုန်ကျစရိတ်များကို ကျခံခြင်း မရှိစေဘဲ၊ လက်ရှိဖြစ်ပေါ်နေသည့် လုပ်သားရှားပါးပြတ်လပ်မှုကို ဘေးထွက်ဆိုးကျိုးမရှိ ဖြည့်ဆည်းပေးနိုင်ရန် ဆိုက်ရောက်နိုင်ငံများသို့ ရွှေ့ပြောင်းသွားလာသူများအား သွားလာခွင့်ပြုသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒများ။
- ILO စီမံကိန်းများအကြား ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အလုပ်အကိုင်များဖန်တီးပေးခြင်း၊ အသေးစားလုပ်ငန်းများတည်ထောင်နိုင်ရန် ပံ့ပိုးကူညီခြင်းဖြင့် နေရပ်ပြန်ရွှေ့ပြောင်းသွားလာသူ/လုပ်သားများအတွက် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ တိုးပွား များပြားအောင် ဆောင်ရွက်ပေးခြင်း။
- နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူ/လုပ်သားများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် အခြားပညာရေးများ ပိုမိုသင်ယူတတ်မြောက်ရန် ဆောင်ရွက်ပေးခြင်း။
- ပြည်တွင်း (လမ်းတံတား) အခြေခံအဆောက်အဦးများ ပြုပြင်/တည်ဆောက်ခြင်းနှင့်၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ပြီး ရှင်သန်ရပ်တည်နိုင်သည့် လူမှုအသိုက်အဝန်းများ ဖြစ်ပေါ်တိုးတက်ရေးအတွက် အထောက်အကူပြုသော 'လုပ်အားအတွက်ငွေသား (cash for work) စီမံကိန်း' များ ဆောင်ရွက်ခြင်း။

**ပြည်တွင်း ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေး (DIILM) (၂၀၁၆–၂၀၂၁) စီမံကိန်း** အနေဖြင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေနှင့် မူဝါဒဆိုင်ရာ မူဘောင် ခိုင်မာအားကောင်းစေရန် မြန်မာနိုင်ငံတွင် သုံးပွင့်ဆိုင်မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာပြည်သူများသည် ရွှေ့ပြောင်းသွားလာခြင်းကို မိမိတို့ဘဝလုံခြုံရေးအတွက် အားထားရာအဖြစ်ရော၊ အသက်မွေးဝမ်းကျောင်းအတွက်ပါ အသက်ရှင်ရပ်တည်ရေးနည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။ လုပ်သားရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ရွှေ့ပြောင်းသွားလာမှု အတွေ့အကြုံများသည် အမျိုးသမီးများအတွက်ရော အမျိုးသားများအတွက်ပါ အကျိုးကျေးဇူးများ ပိုမိုရရှိစေပြီး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းစွာ အထောက်အကူပြုနိုင်ပါသည်။ DIILM စီမံကိန်းနှင့် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများသည် (၁) အဓိကကျသော ဥပဒေနှင့် မူဝါဒများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ရန်၊ (၂) ပုံစံတကျမဟုတ်သော ကဏ္ဍရှိ အလုပ်သမားများအပါအဝင် ရွှေ့ပြောင်းသွားလာသူအားလုံးအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် မြှင့်တင်ဆောင်ရွက်ပေးရန်၊ (၃) ရွှေ့ပြောင်းသွားလာသူများကိုပေးသော ဝန်ဆောင်မှုများ ပိုမိုလွှမ်းခြုံမိစေရန်နှင့် အရည်အသွေးပြည့်ဝစေရန်တိုးမြှင့်ဆောင်ရွက်ရန်၊ (၄) မူဝါဒဆက်စပ်ကိုက်ညီမှု ခိုင်မာအားကောင်းစေရန်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**DIILM စီမံကိန်းကို အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့အစည်း (LIFT) က ရန်ပုံငွေပံ့ပိုးပေးပါသည်။**

Livelihoods and Food Security Fund

managed by UNOPS

သတင်းအချက်အလက်ပိုမိုသိရှိလိုပါက–

Jacqueline Pollock

နည်းပညာအကြံပေးအရာရှိ (Migration)

အီးမေးလ် – pollock@ilo.org

ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး၊ မြန်မာနိုင်ငံ

+၉၅ ၁ ၂၃၃၆၅၃၈၊ ၂၃၃၆၅၃၉

+၉၅ ၉ ၄၂၁၁၂၆၈၆၉
သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

https://www.ilo.org/yangon/areas/labour-migration/lang--en/index.htm

အမှတ် (၁) (က)၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။